**သတင်းထုတ်ပြန်ချက်**

*လူတိုင်းလွှမ်းခြုံသောကျန်းမာရေးစောင့်ရှောက်မှုဆီသို့ မြန်မာနိုင်ငံတက်လှမ်းနိုင်ရန်ကူညီခြင်း - ကမ္ဘာ့ဘဏ်၏ ငွေကြေးအထောက်အပံ့အသစ်ကြောင့် သန်းနှင့်ချီသောမိခင်နှင့်ကလေးများ အကျိုးခံစားရမည်*

**နေပြည်တော်၊ ဖေဖော်ဝါရီ ၅၊ ၂၀၁၅** -- မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံအတွင်းရှိ သန်းပေါင်းများစွာသော မိခင်နှင့်ကလေးများအား ပိုမိုတိုးတက်ကောင်းမွန်သည့် မိခင်၊ မွေးကင်းစနှင့် ကလေးသူငယ်ကျန်းမာရေးစောင့်ရှောက်မှု အစီအမံမှ အကျိုးခံစားရစေရန်ရည်ရွယ်ကာ ကမ္ဘာ့ဘဏ်နှင့်သဘောတူစာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်သည်။

**"မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိရေးစီမံချက်"** သည်အမေရိကန်ဒေါ်လာသန်း ၁၀၀ကို အသုံးချ၍ မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ တွင် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဂန်ဆောင်မှုများ ပိုမိုကောင်းမွန်စွာ ရရှိစေရန် လုပ်ဆောင်သွားမည် ဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ အမှုဆောင်ဒါရိုက်တာများဘုတ်အဖွဲ့က ၂၀၁၄ခုနှစ် အောက်တိုဘာလတွင် ကနဦးအတည်ပြုပေးခဲ့သော အဆိုပါစီမံချက် မှ ကိုယ်ဝန်ဆောင်အမျိုးသမီး နှင့် ကလေးသူငယ်ပေါင်း ၄ သန်းခန့် အကျိုးခံစားရမည်ဟု မျှော်မှန်းထားပါသည်။

*"ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့လူတွေအားလုံးအတွက် အရည်အသွေးမီတဲ့ ကျန်းမာရေး ဝန်ဆောင်မှုတွေ ပေးဖို့ရာမှာ ရင်းနှီးမြှုပ်နှံနိုင်တဲ့အတွက် ကျေနပ်ပါတယ်။ ပိုကောင်းတဲ့ကျန်းမာရေးဝန်ဆောင်မှုတွေဟာ မိခင်တွေနဲ့ သူတို့ရဲ့ကလေးငယ်တွေအတွက် ဘဝအရည်အသွေးတိုးတက်စေမှာဖြစ်သလို၊ အဆုံးစွန်ဆုံးအားဖြင့် လူတိုင်လွှမ်းခြုံတဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုတဲ့ နိုင်ငံတော်၏ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိဖို့အတွက် ပိုမိုနီးကပ်လာစေမှာလည်း ဖြစ်ပါတယ်"* ဟု မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးက ပြောကြားသည်။

ဤစီမံချက်အောက်တွင် ကျေးရွာများအနေဖြင့် ဒေသန္တရအဆင့် ကျန်းမာရေးဝန်ဆောင်မှု များအတွက် ထောက်ပံ့ငွေများ၊ အားလုံးပါဝင်သောမြို့နယ်အဆင့်ကျန်းမာရေးစီမံချက်ရေးဆွဲမှု၊ အရင်းအမြစ်များစီမံခန့်ခွဲမှုနှင့် ပိုမိုကောင်းမွန်သော ဒေသန္တရအဆင့်ကြီးကြပ်မှုနှင့် ရပ်ရွာပူးပေါင်းပါဝင်မှုများ အကောင်အထည်ဖော်ရေးအတွက် အကူအညီတို့ကို လက်ခံရရှိမည်ဖြစ်သည်။ ကျေးလက်ကျန်းမာရေးဌာနများ အနေဖြင့် ဤစီမံချက်ထောက်ပံ့ငွေများ ရရှိခြင်းဖြင့် အခြေခံကျန်းမာရေးလုပ်သားများ (ဥပမာ သားဖွားဆရာ၊ဆရာမများ)ကို ကိုယ်ဂန်ဆောင်မိခင်များ၊ တစ်နှစ်အောက်ကလေးများ နှင့် ကလေးငယ်များ ထံသို့ ပို၍အကြိမ်ဖန်များစွာ သွားရောက်ပြီး လိုအပ်သောစောင့်ရှောက်မှုများပေးခြင်း၊ အချိန်မီ ကာကွယ်ဆေးထိုးနှံခြင်းများ၊ နှင့် အိမ်ထောင်စုများအား အာဟာရနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ပညာပေးခြင်းများ စသဖြင့် ပိုမိုလုပ်ဆောင်လာနိုင်ပါမည်။

*" ကောင်းမွန်သော မိခင်၊ မွေးကင်းစကလေးနဲ့ ကလေးသူငယ်ကျန်းမာရေးစောင့်ရှောက်မှုဟာ မြန်မာနိုင်ငံအတွက် အရမ်းအရေးကြီးပါတယ်။ ဒီစီမံချက်ဟာ မြန်မာနိုင်ငံမှာရှိတဲ့ မိခင်နှင့် ကလေးများအတွက် မရှိမဖြစ် ကျန်းမာရေး ဝန်ဆောင်မှုတွေကို အရေအတွက်အရရော အရည်အသွေးအရပါ တိုးတက်ရရှိစေမှာဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်အုပ်စုအနေနဲ့ မြန်မာနိုင်ငံ၏ လူတိုင်းလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုပန်းတိုင်ရည်မှန်းချက်နှင့် စီမံကိန်းများကို လိုက်လိုက်လှဲလှဲ အားပေးကြိုဆိုပြီး အခုလို စီမံချက်ဖြင့် ထိထိရောက်ရောက် ကူညီခွင့်ရတဲ့အတွက် များစွာကျေနပ်ဝမ်းမြောက်မိပါတယ်"* ဟု ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှဆိုင်ရာ Country Director မစ္စတာ Ulrich Zachau ကပြောသည်။

ယခုစီမံချက်ကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများအတွက် ကမ္ဘာ့ဘဏ်အုပ်စု၏ရန်ပုံငွေအဖွဲ့ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်း (IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေဖြင့် ပံ့ပိုးကူညီမည်ဖြစ်သည်။ လူတိုင်းလွှမ်းခြုံ သော ကျန်းမာရေးစောင့်ရှောက်မှုဆီသို့ မြန်မာနိုင်ငံ၏တက်လှမ်းမှုအတွက် ယခုအကူအညီသည် ကမ္ဘာ့ဘဏ်အုပ်စု၏ အမေရိကန်ဒေါ်လာ ၂ ဘီလျံပမာဏရှိသည့် နှစ်ရှည်ဖွံ့ဖြိုးရေးအကူအညီ၏အစိတ်အပိုင်းဖြစ်ပြီး ယင်းကို ကမ္ဘာ့ဘဏ် အုပ်စုဥက္ကဋ္ဌ ဂျင်ယောင်ကင် က ၂၀၁၄ ခုနှစ်အစောပိုင်း မြန်မာနိုင်ငံသို့လာရောက်သည့်ခရီးစဉ်အတွင်း ကြေညာခဲ့သည်။

ကမ္ဘာ့ဘဏ်အုပ်စုသည် ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံဆိုင်ရာ မိတ်ဖက်မူဘောင် ရေးဆွဲရေးအတွက် မြန်မာနိုင်ငံနှင့်အတူလက်တွဲလုပ်ကိုင်လျက်ရှိသည်။ အဆိုပါမူဘောင်တွင် လယ်ယာစိုက်ပျိုးရေး၊ ရေ၊ ပညာရေး နှင့် ကျန်းမာရေး၊ စွမ်းအင်နှင့် ဘဏ္ဍာရေးကဏ္ဍ တို့အပြင် အများပြည်သူ ဘဏ္ဍာငွေစီမံခန့်ခွဲမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးနှင့် အခြားဖွံ့ဖြိုးရေးဦးစားပေးကဏ္ဍများ တိုးတက်စေမည့် အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

.

*ပို၍အသေးစိတ်သိရှိလိုပါက အောက်ပါဝက်ဘ်ဆိုက်များတွင် လေ့လာနိုင်ပါသည်။*
*www.worldbank.org/myanmar.*
*www.worldbank.org/myanmareducation*

**ရန်ကုန်တွင်ဆက်သွယ်ရမည့်ပုဂ္ဂိုလ်**
**ကျော်စိုးလင်း** klynn@worldbank.org +95 9 203 1159; **Meriem Gray** mgray@worldbank.org +959 421128395
**ဝါရှင်တန် Carl Hanlon** chanlon@worldbank.org